ဩဂုတ်လ ၁၀ ရက် ၂၀၁၁ ခုနှစ်

*သတင်းထုတ်ပြန်ကြေညာချက်*

**ရှမ်းပြည်မြောက်ပိုင်းအတွင်း မြန်မာအစိုးရစစ်တပ်တိုက်ခိုက်မှုကြောင့် အိုးအိမ်မဲ့ပြည်သူ 30,000 ကျော် လူသားချင်းအကူအညီမရ။**

ရှမ်းပြည်တပ်မတော်–မြောက်ပိုင်း(SSA-N)အား မြန်မာအစိုးရစစ်တပ်မှ လတ်တလော ထိုးစစ်ဆင်တိုက်ပွဲများကြောင့် ထွက်ပြေးလာသည့် ရွာသူရွာသားအရေအတွက်သည် 30,000 ကျော်အထိ များပြားလာခဲ့သည်။ ထို့ကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အလွန်စိုးရိမ်ကြောက်လန့်ဖွယ်ကောင်းသော လူသားချင်းစာနာမှု အကျပ်အတည်း ဖြစ်လာစေသည်။

ဇူလိုင်လအတွင်း ကျေးသီးမြို့နယ်ရှိ **SSA-N** ဝမ်ဟိုင်းဌာနချုပ်ကို သိမ်းပိုက်ရန်တပ်ရင်း ၄၂ ရင်းမှ မြန်မာအစိုးရစစ် သားအင်အား ၄၀၀၀ ကျော်ဖြင့် တပ်ဖြန့်ခဲ့ပြီး စစ်လေယာဉ်များဖြင့်လည်း တိုက်ခိုက်ခဲ့သည်။ ဌာနချုပ် အနီးအနားကျေးရွာများသို့ ကြိုတင်ချီတက်လာသော စစ်သားများက ပြည်သူများကို သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် နှိပ်စက်ခြင်းများအပါအဝင် လူမဆန်သောလုပ်ရပ်များကို တိုးမြှင့် လုပ်ဆောင်ခဲ့သည်။ ထို့ပြင် ခြေလက်များ ဖြတ်ခံခဲ့ရသည့် ရွာသားတဦး၏ အလောင်းကိုလည်း တွေ့ရှိခဲ့ရသည်။

မြန်မာအစိုးရစစ်တပ်က **SSA – N** နှင့် ၂၂ နှစ်ကြာ အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်၍ မတ်လ ၁၃ ရက်တွင် ထိုးစစ် စတင်ခဲ့ချိန်မှစပြီး မြို့နယ် ၈ မြို့နယ်မှ ခန့်မှန်းခြေရွာသူရွာသား ၃၁၇၀၀ ဦး ထွက်ပြေးလာခဲ့သည်။ တချို့က မြို့ထဲနှင့် တရုတ်နယ်စပ်တလျှောက်ရှိ ‘ဝ’ထိန်းချုပ်ရာနယ်မြေများ၊ ထိုင်းနိုင်ငံနယ်စပ်ဘက်သို့ ထွက်ပြေးခဲ့ကြသော်လည်း အများစုမှာ ၎င်းတို့ကျေးရွာများအနီး တောထဲတွင် ပုန်းအောင်းနေနေကြသည်။

ထိုကဲ့သို့ ပုန်းအောင်းနေသူများသည် အစားအစာ၊ သန့်ရှင်းသော သောက်ရေ၊ အမိုးအကာ၊ ဆေးဝါးများနှင့် ပတ်သက်သည့်အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ မိုးများသည်းထန်မှုကြောင့်လည်း အခြေအနေများပိုမိုဆိုးဝါးစေသည်။ လွန်ခဲ့သည့်လအတွင်း ဝမ်ဟိုင်းဒေသတခုတည်းတွင်ပင် အနည်းဆုံး အိုးအိမ်မဲ့သူ ၂၄ ဦးသည် ဝမ်းပျက်ဝမ်း လျှောနှင့် ငှက်ဖျားရောဂါတို့ဖြင့် သေဆုံးခဲ့သည်။ သေဆုံးသူအများစုမှာ ကလေးများနှင့် သက်ကြီးရွယ်အိုများ ဖြစ်သည်။

ယခုအချိန်ထိ ဤအိုးအိမ်မဲ့ဒေသများသို့ နိုင်ငံတကာအကူအညီများ မရောက်ရှိသေးပေ။ မြန်မာပြည်တွင်း တရားဝင်လုပ်ကိုင်နေသော အကူအညီပေးရေးအေဂျင်စီများသည်လည်း ပဋိပက္ခဖြစ်ပွားရာ ဒေသများသို့သွား ငြင်းပယ်ခံ နေရသည်။

ပြည်တွင်းအိုးအိမ်မဲ့ရွာသူရွာသားများထံသို့ ဒေသတွင်းအကူညီပေးရေးအဖွဲ့များမှတဆင့် နယ်စပ်ဖြတ်ကျော်အကူအညီပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းကို ရှမ်းလူထုအခြေပြုအဖွဲ့များက တောင်းဆိုပါသည်။

“မြန်မာပြည်မှာ အကူအညီအားလုံးကို စစ်အုပ်စုက တင်းတင်းကျပ်ကျပ်ထိန်းချုပ်ထားတာကြောင့် နယ်စပ်ဖြတ်ကျော်အကူအညီသာလျှင် စစ်ပွဲဒဏ်ခံလူထုဆီကို ရောက်ရှိဖို့တခုတည်းသော နည်းလမ်းဖြစ်ပါတယ်။” ဟု ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း၏တာဝန်ခံ နန်းဆိုင်မွန်းက ပြောသည်။ “နောက်ထပ်အသက်ဆုံးရှုံးမှုများမဖြစ်ခင် လူသားချင်းဆိုင်ရာအကျပ်အတည်းကို တုံ့ပြန်ဆောင်ရွက်ဖို့ နိုင်ငံတကာအလှူရှင်များကို ကျမတို့ တောင်းဆိုပါတယ်။”

မြန်မာစစ်တပ်က ဆုံးရှုံးမှုအများအပြားကြုံရပြီးနောက် ဇူလိုင်လကုန်ပိုင်းတွင် ဝမ်ဟိုင်းဒေသမှ အကူတပ်ရင်းများ ဆုတ်ခွာသွားခဲ့သော်လည်း ဒေသခံတပ်ရင်းများသည် **SSA-N** စခန်းအနီး ဆက်လက်ရှိနေဆဲဖြစ်ပြီး တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသည်။ ယခုအပတ်တွင် တပ်အင်အားဖြည့်ရန်အတွက် လားရှိုးနှင့်သီပေါမှ မြန်မာအစိုးရစစ်သားများ သယ်ဆောင်လာသော စစ်ကား ၄၀ ကျော်ရောက်ရှိလာ ခဲ့သည်။

အိုးအိမ်မဲ့ ရွာသူရွာသားများအကြောင်း ဗီဒီယိုမှတ်တမ်းအပါအဝင် မကြာသေးခင်က လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် တိုက်ပွဲဖြစ်ရပ်များပြမြေပုံတို့၏ အသေးစိတ်အချက်အလက်များကို *www.shanhumanrights.org and*

*www. shanwomen.org* တွင် ကြည့်ရှုနိုင်ပါသည်။


| | | |
|---|---|---|
| ဆက်သွယ်ရန် | ယိင်းဟာန်ဖ | + ၆၆ ၈၉ ၂၆၂ ၇၈၄၈ ( မြန်မာ ၊ ရှမ်း) |
| | ယိင်းစံပွင်မ် | + ၆၆ ၈၁ ၉၉၂ ၁၁၂၁ (ထိုင်း ၊ ရှမ်း) |
| | နန်းချမ်တောင်း | + ၆၆ ၈၁ ၆၀၃ ၆၆၅၅ (အင်္ဂလိပ်၊ ထိုင်း၊ ရှမ်း) |

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN )

www.shanwomen.org

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်(SHRF)

www.shanhumanrights.org